# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 19 August 2025 ၁၁၉၁၄


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## ရွေးကောက်ပွဲ၌ ဆန္ဒမဲများအား မပျက်မကွက်ပေး၍ နိုင်ငံ့သားကောင်းများဖြစ်အောင် ဆောင်ရွက်သွားကြစေလို

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ နှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ် ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် မကွေးတပ်နယ်သို့ မကြာခဏ ရောက်ရှိခဲ့ပြီး အရာရှိ၊ စစ်သည် မိသားစုများနှင့် တွေ့ဆုံအမှာ စကားများ ပြောကြားခဲ့ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကျင်းပမည့် အပိုင်းလိုက်နေ့ရက်များ သတ်မှတ်ကြေညာ**

စာမျက်နှာ » ၂

**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်**

စာမျက်နှာ » ၉

ကြေးမုံ

# ဒီမိုကရေစီကျင့်စဉ်နှင့်ဆွေးနွေးအဖြေရှာ ထာဝရငြိမ်းချမ်းရေးအမြန်ဆုံးဖော်ဆောင်

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီးနောက် မတ်လမှစတင်၍ ဝါဒရေး၊ လူမျိုးရေး၊ နိုင်ငံရေးခံယူချက် မတူညီမှုများကြောင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်များ ပေါ်ပေါက်လာခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်၊ ၈၀ နီးပါးကာလသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းခြင်းသည် မည်သည့်အခါမျှ မအောင်မြင်သော်လည်း ပြည်တွင်း၊ ပြည်ပပယောဂများနှင့် ကိုယ်ကျိုးစီးပွား ရှာဖွေလိုသူများကြောင့် ယခုထက်တိုင် သက်တမ်းရှည်နေသည်ဟု သုံးသပ်မိပါသည်။

နိုင်ငံတော်အစိုးရအဆက်ဆက်သည် မြန်မာပြည်ငြိမ်းချမ်းရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ခဲ့သော်လည်း ထာဝရငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။ မျက်မှောက်ကာလတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အလွန်အရေးကြီးသဖြင့် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို စတင်ဆောင်ရွက်ခဲ့သည်။

ယနေ့အချိန်အထိ ထာဝရငြိမ်းချမ်းရေးအတွက် တစ်ဖက်သတ်အပစ်ရပ်ထုတ်ပြန်မှုပေါင်း ၂၇ ကြိမ်ထုတ်ပြန်ခဲ့ပြီး ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။ “ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကိုပြောပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကိုတည်ဆောက်ကာ နိုင်ငံနှင့် ပြည်သူလူထု၏ ကောင်းရာကောင်းကျိုးကို ရှေးရှုကြရန်” တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅)တွင် ပြောကြားထားသည်။

နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခုနစ်ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ သုံးဖွဲ့တို့နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့် ၂၅ ကြိမ် ဆွေးနွေးခဲ့သည်။

ထို့အပြင် နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်အတွင်း ငြိမ်းချမ်းရေးစကားဝိုင်း တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တစ်ကြိမ် ကျင်းပဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုး အတည်ပြုနိုင်ခဲ့သည်။ ယင်းသဘောတူညီချက်များနှင့် ယခင်အစိုးရများလက်ထက် ငြိမ်းချမ်းရေးညီလာခံရလဒ်များမှ စုစည်းထားသည့် ပြည်ထောင်စုသဘောတူညီချက် (Union Accord)များကို မကြာမီကျင်းပမည့် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်နိုင်ရေးလုပ်ငန်းစဉ်များကို ပြန်လည်ဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လိုအင်ဆန္ဒဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသော သက်ဆိုင်သူများအားလုံးသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး မိမိတို့ဖြစ်ချင်သည်များကို လျှော့ချ၍ ဖြစ်သင့်သည်များကို ဦးစားပေးကာ ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၅ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

### လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကို သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄ (ဂ) နှင့် နည်းဥပဒေ ၁၆ (က) တို့အရ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် ( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် ) တနင်္ဂနွေနေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဘူးသီးတောင်မြို့နယ် အတွင်းငှက်သေကျေးရွာအုပ်စု ထန်းရှောက်ခံ ကျေးရွာမှ ဒေသခံဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက် သောင်းကျန်းသူများက လူမျိုးတုံးသတ်ဖြတ်ခဲ့မှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၁၈- ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၇၀၉ | ၅,၁၀၄,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၁,၀၄၆ | ၃,၂၉၄,၉၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၄၂၄ | ၈၂၆,၈၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၆၀၁ | ၁,၅၆၂,၆၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၅၀၉ | ၈၃၉,၈၅၀ |
| AMATA | ၃,၄၅၀ | ၃,၄၅၀ | ၀ | ၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၅၅ | ၁၇၈,၇၅၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှု ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်ကို ဝင်ရောက် ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်နှင့် နိုင်ငံရေးအရ လက်တွဲ မလုပ်ကိုင်လိုသည့် အတိုက်အခံပါတီများ အနေဖြင့် ၎င်းတို့ပါတီအနိုင်ရရှိရေး မသမာမှု များ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးစအချိန်တွင် ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ်ဖြင့် ဗဟိုဦးစီးစနစ်ကို ကျင့်သုံး ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ နိုင်ငံရေး အရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်တွင်း မငြိမ်သက်မှုများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်သည် အခက်အခဲကြားမှ ကျော်ဖြတ်ခဲ့ရကြောင်း၊ အဆိုပါ အချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဝင်ရောက်ထိန်းသိမ်းဆောင်ရွက် ပေးခဲ့ရကြောင်း။

နိုင်ငံရေးအရ မတည်ငြိမ်မှုများ ဖြစ်ပေါ်ချိန်တွင် အဓိကအကြီးမား ဆုံး စိန်ခေါ်မှုမှာ ပြည်နယ်များက ခွဲထွက်နိုင်ရေးအတွက် ဆောင်ရွက် လာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ တွင် နိုင်ငံရေးအရ သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်နေသကဲ့သို့ နိုင်ငံတကာတွင်လည်း ဆိုရှယ်လစ် စနစ်နှင့် ဒီမိုကရေစီစနစ်များ အားပြိုင်မှုများ ရှိနေကြောင်း၊ ထိုအချိန်တွင် အရှေ့တောင်အာရှ၌ ဆီးတိုးအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ ကြောင်း၊ အိမ်နီးချင်းနိုင်ငံ အချို့ တွင်လည်း ကွန်မြူနစ်စနစ်နှင့် ဒီမိုကရေစီစနစ်များ အားပြိုင်မှုများ ရှိခဲ့သည်ကို သမိုင်းအထောက် အထားများအရ သိရှိနိုင်ကြောင်း။

မိမိတို့နိုင်ငံ ဆိုရှယ်လစ်စနစ်ဖြင့် လျှောက်လှမ်းချိန်တွင် နိုင်ငံရေး အရ သဘောထားမတူညီကြသူ များရှိခဲ့ပြီး ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြစ်သဖြင့် ပုဂ္ဂလိကပိုင်း ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ တွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်း ကြောင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင် လည်း ညီညွတ်မှုများ ပျက်ပြား လာခဲ့ကြောင်း။

၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင် ချိန်၌ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ဆောင်ရွက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့ကာ လွှတ်တော် တစ်ခုတည်းကိုသာ ဆောင်ရွက် ခဲ့ပြီး အခြေခံဥပဒေကို ရေးဆွဲရန် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲရန် အတွက် တိုင်းပြုပြည်ပြုလွှတ်တော် ကို ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မကော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသူများအား ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားစဉ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည် လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက် ဆောင်ရွက်ခဲ့ ခြင်းပင်ဖြစ်ကြောင်း။

ပြည်သူများလိုလားသည့် ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော် က ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူ ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံ ဒီမိုကရေစီ လမ်းကြောင်းကို စတင် လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော် ကိုပါတီစုံဒီမိုကရေစီလမ်းကြောင်း ပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်း နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒီမိုကရေစီ ပထမအစိုးရ သက်တမ်းတွင် ဒီမိုကရေစီလမ်း ကြောင်းပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီ ဒုတိယအစိုးရ သက်တမ်းကာလ တွင် ဒီမိုကရေစီအမည်ခံ လစ်ဘရယ်ဝါဒဖြင့် ပြည်ပမှ ဝင်ရောက် စွက်ဖက်မှုများဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက် ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားသားအကြံပေး များဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်ကို မုန်းတီးစေသည့် ရေးသားပြောဆိုမှုများ၊ လှုံ့ဆော် မှုများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေး၊ အုပ်ချုပ်ရေး နှင့် အခြားကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန် ဆောင်ရွက်မှုများ အောင်မြင်အောင် ဆောင်ရွက် နိုင်မှု မရှိခြင်းကြောင့် နိုင်ငံတော် မှာ အဘက်ဘက်က ဆုတ်ယုတ် ခဲ့ရကြောင်း၊ အဓိကအားဖြင့် တပ်မတော်၏ နိုင်ငံရေး၌ အချက် အချာကျမှုကို ပယ်ဖျက်ရန် အတွက် အတိတ်ဖြစ်ရပ်များပေါ် တွင် အခြေခံသည့် အမုန်းတရား ဖြင့် လုပ်ဆောင်ခဲ့ကြခြင်းဖြစ် ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရ အနေဖြင့် ၎င်းတို့၏ အာဏာ ဆက်လက်တည်တံ့စေရေး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်အောင် ပြုလုပ် ခဲ့ကြောင်း၊ အဆိုပါ မဲမသမာမှုများ အား ဖြေရှင်းပေးရန်အတွက် တပ်မတော်က အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ၎င်းတို့ အနေဖြင့် ဖြေရှင်းဆောင်ရွက် ပေးမှုမရှိဘဲ ရွေးကောက်ပွဲကျင်းပ ၍ နိုင်ငံတော်၏ အာဏာကို အဓမ္မ ရယူရန် ကြိုးပမ်းခဲ့ကြကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေ အနေကြေညာ၍ နိုင်ငံတော် တာဝန်များကို ဝင်ရောက် ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော် တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီး ၎င်းမှတစ်ဆင့် အကြမ်းဖက် တိုက်ခိုက် သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားမတိုက် ဆိုင်မှုကြောင့် ဖြစ်ပွားခဲ့သည့် ပြဿနာများကို နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ် ကြောင်း၊ ရွေးကောက်ပွဲကျင်းပ ပြုလုပ်ရန်အတွက် မဲစာရင်းများ မှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း ကို ဆောင်ရွက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲစတင် ကျင်းပပြုလုပ်မည်ကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ရေးနှင့်ပတ်သက်၍ အချို့ပြင်ဆင် ၍ရသည်များကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြင်ဆင် ဆောင်ရွက်ခြင်းကို တပ်မတော် အနေဖြင့် သဘောတူညီပြီးဖြစ် ကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွား မည်ဆိုပါက တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ တပ်မတော်၏ တာဝန် မှာ နိုင်ငံတော်ကာကွယ်ရေးပင် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပ ပြုလုပ်ပြီးချိန်၌ အနိုင်ရရှိသည့် ပါတီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ တပ်မတော် သား လွှတ်တော်ကိုယ်စားလှယ် များ လွှတ်တော်အတွင်းပါဝင်၍ နိုင်ငံ့အရေး ဆောင်ရွက်ပေးခြင်း၊ တပ်မတော် အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ် ထားသော အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက် ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်းတို့ကို ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ တပ်မတော် သည် နိုင်ငံရေးအတွက် ပါဝင် ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံ့ အရေးဖြစ်သည့် နိုင်ငံတော်

စာမျက်နှာ ၄ သို့ »»

☆ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင် လျှောက်လှမ်းစေခဲ့

☆ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက် ပေးလျက်ရှိ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကြည့်ရှုအားပေးစဉ်။

☆ **တပ်မတော်၏တာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးပင်ဖြစ်၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်၌ အနိုင်ရရှိသည့်ပါတီမှ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်၌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်းပါဝင်၍ နိုင်ငံ့အရေးဆောင်ရွက်ပေးခြင်း၊ တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ပါဝင်ဆောင်ရွက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်းတို့ကို ဆောင်ရွက်သွားမည်**

☆ **တပ်မတော်သည် နိုင်ငံရေးအတွက် ပါဝင်ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင်သာ တာဝန်ထမ်းဆောင်သွားမည်**

»»» စာမျက်နှာ ၃ မှ

ကာကွယ်ရေး လုပ်ငန်းများတွင်သာ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း။

တပ်မတော်သားများအားလုံးသည် ပြည်သူများကြားမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းခြင်း များကြောင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည် အားနည်းခြင်းကြောင့် လူတစ်ဦးချင်း၏ တွေးခေါ်မြော်မြင်မှုများတွင် အားနည်းမှုများရှိကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှု မြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့၏သားသမီးများ စဉ်းစား တွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တာဝန် ထမ်းဆောင်ရာတွင် အထက်အောက် အပြန်အလှန် လေးစားမှုများဖြင့် စစ်သားကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကျင်းပချိန်၌ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ချိန်တွင် နိုင်ငံတော်၏အကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသည့်သူများဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲများအား မပျက်မကွက်ပေး၍ နိုင်ငံသားကောင်းများဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်၌ လာရောက် လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တက်လာမည့်အစိုးရသည် နိုင်ငံတော်၏ အကျိုးကို အမှန်တကယ် ထမ်းဆောင်နိုင်သည့် အစိုးရဖြစ်အောင် မိမိတို့အနေဖြင့်ကြိုတင်၍ ပြင်ဆင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးသည်လည်း ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာထွေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးသိန်းကိုကို၊ ဒေါက်တာကိုကိုနိုင် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၁၅(မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ် ၆/၂၀၁၅(ရန်ကုန်)၊ ၇၆/၂၀၁၄(မန္တလေး)၊ ၁၄/၂၀၁၅(ရန်ကုန်)၊ ၁၅/၂၀၁၅(ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၁၅(ရန်ကုန်)၊ ၁၇/၂၀၁၅(မန္တလေး)၊ ၁၈/၂၀၁၅(ပဲခူး)၊ ၁၉/၂၀၁၅(မန္တလေး)၊ ၂၀/၂၀၁၅(မွန်)၊ ၂၂/၂၀၁၅(ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁၈**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၀)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်က အနာဂတ်တိုင်းပြည်အတွက် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်စေရေး ဆရာ ဆရာမများအနေဖြင့် အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံရေးစနစ်အရ အစိုးရအဖွဲ့များ ပြောင်းလဲစေကာမူ တာဝန်ယူရသည့် လုပ်ငန်းကဏ္ဍနှင့် အဆင့်အလိုက် လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ဆောင်ပြီး နိုင်ငံအကျိုး၊ ပြည်သူအကျိုးကိုရှေးရှု၍ စည်းကမ်းရှိပြီး စနစ်ကျသော အဖွဲ့အစည်းဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၀)သို့ သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ ၃၆၁ ဦး စုစုပေါင်း ၃၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁၉ ရက်ထိ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။



ထို့နောက် အဖွဲ့ဝင် ဦးစိုးတင့်သည် တက္ကသိုလ်တွင် ဖွင့်လှစ်ပို့ချနေသောသင်တန်းများကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်မှ ပညာဌာန ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများနှင့် တက္ကသိုလ် အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ သင်တန်းအလိုက် ပို့ချပေးနေသည့် သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

# မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို စံပြအဖြစ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများနှင့် အခြားသီးနှံများစိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဘဏ္ဍာရေးနှစ်အလိုက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်စေရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် အရိပ်ရလေကာပင်များစိုက်ပျိုးခြင်းနှင့် စေတီပုထိုးများ တည်ထားကိုးကွယ်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့နယ်အတွင်း အပူဒဏ်လျှော့ချနိုင်ရန်အတွက် ကြီးမြန်သစ်ပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ အခြေခံပညာကျောင်းများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေများလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် မြေအောက်တမံများ ဆောက်လုပ်ပေးမှုကြောင့် ရေလုံလောက်စွာရရှိသည့်အပြင် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုလျက်ရှိမှု၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ယခုနှစ်မိုးရာသီအတွင်း မိုးကောင်းစွာရွာသွန်းမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်နိုင်မှု၊ တစ်ဧကေ ပန်းတိုင်အထွက်နှုန်းရရှိရေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များပြခန်းများ၌ စားသောက်ကုန်ပစ္စည်းများပြသထားမှုကို စိတ်ပါဝင်စားစွာကြည့်ရှုစဉ်။

ဆောင်ရွက်နိုင်မှုနှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် MSME ထုတ်ကုန်ပြပွဲများ ကျင်းပဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးမြို့ရှိ မြို့မိမြို့ဖများနှင့် တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များက ရောဝတီမြစ်ကြောင်းအတွင်း မကွေးဘက်ခြမ်း၌ ရာသီမရွေး ကုန်တင်ကုန်ချပြုလုပ်နိုင်သည့် သင်္ဘောဆိပ်ခံတစ်ခု တည်ဆောက်ပေးစေလိုမှု၊ မကွေးမြို့နှင့် ဆက်သွယ်ထားသည့် မော်တော်ကားလမ်းများ အဆင့်မြှင့်တင်ပေးစေလိုမှု၊ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ ချည်မျှင်စက်ရုံများအား အဆင့်မြှင့်တင်ပေးစေလိုမှု၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် မီးဖိုချောင်သုံး စိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီအား ဈေးကွက်ရရှိရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသအတွင်း စိုက်ပျိုးရန်အတွက် ပြည်ပမှ အာလူးမျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြေအောက်တမံများ ဆောက်လုပ်ခြင်းကြောင့် ရေလုံလောက်စွာရရှိနိုင်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုနိုင်သဖြင့် ဆက်လက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊

**စာမျက်နှာ ၆ သို့** ☆

- MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လို၊ မကွေးတိုင်းဒေသကြီးအတွင်း ချည်ထည်များထုတ်လုပ်နိုင်ရေး ဝါကုန်ကြမ်းကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်လို
- ပြည်တွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ခွင့်များအား ပြည်တွင်းစားသုံးမှု မထိခိုက်ပါက တင်ပို့ခွင့်ပြုထား

☆ စာမျက်နှာ ၅ မှ

ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ချည်ထည်များထုတ်လုပ်နိုင်ရေး ဝါကုန်ကြမ်းကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ခွင့်များအား ပြည်တွင်းစားသုံးမှုများကို မထိခိုက်ပါက တင်ပို့ခွင့်ပြုထားကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာ ချာလီသန်းတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ထိုက်သင့်သည့်ဈေးနှုန်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်ပမှ အာလူးမျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ချည်မျှင်ရှည်ဝါများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ မင်းဘူးဒေသနှင့် အခြားဒေသများတွင် စပျစ်စိုက်ပျိုးခြင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် အနာဂတ်ကာလတွင် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ဝိုင်စပျစ်စိုက်ပျိုးခြင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ မီးခိုးမြူငွေ့များလျှော့ချရေးအတွက် ပါဝင်ဆောင်ရွက်ပေးစေလိုမှု၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်မှုနှင့် အခြားစက်ပစ္စည်းများနှင့် ငွေကြေးများ လိုအပ်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မကွေးမြသလွန်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြပြီး ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်စဉ်။

### လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိအနေဖြင့် မကွေးမြို့သို့ မကြာခဏရောက်ရှိခဲ့ပြီး မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲစာရင်းများကို ပြန်လည်စိစစ်ခဲ့ချိန်တွင်လည်း မဲစာရင်းများမှားယွင်းမှုများကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း။

ယခုကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်စွာ ရရှိစေရေးနှင့် မှားယွင်းမှုမရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် သဘောတူညီမှုရှိပြီးဖြစ်ကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ရွေးကောက်ပွဲ ကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP– Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ပြည်ပနိုင်ငံများမှလည်း ထောက်ခံအားပေးမှုများရှိကြောင်း။

ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များဖြင့် မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အခြားနိုင်ငံတကာတွင်လည်း အဆိုပါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလိုပါက ရွေးကောက်ပွဲများ ကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လိုကြောင်း၊ ထိုသို့ဆန္ဒမဲပေးရာတွင်လည်း ဒေသနှင့် နိုင်ငံအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆောင်ရွက်ကြရန်လိုကြောင်း။

သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရွေးကောက်ပွဲအား ဖြစ်နိုင်ပါက တစ်ကြိမ်တည်းကျင်းပပြုလုပ်ရန်ဟု ဖော်ပြပါရှိကြောင်း၊ သို့သော်မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှုများမရှိသေးကြောင်း၊ အလားတူအကြောင်းအမျိုးမျိုးကြောင့် ခေတ္တပြောင်းရွှေ့နေထိုင်နေရလျက်ရှိသည့် မဲဆန္ဒရှင်များနှင့် ပြည်ပသို့ရောက်ရှိနေသည့် မဲဆန္ဒရှင် ပြည်သူများကိုလည်း ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ **ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး** အဆင့်လိုက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေးယခင်ကတည်းက စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ အားနည်းချက်များရှိခြင်းကြောင့် ပို့ကုန်များ အားနည်းချက်ရှိခဲ့ပြီး သယံဇာတပစ္စည်းများကိုသာ ထုတ်ယူသုံးစွဲခြင်းများ ပိုမိုများပြားခဲ့သည်ကို တွေ့ရကြောင်း၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲမှုများပြားခဲ့ပြီး ပြန်လည်စိုက်ပျိုးထိန်းသိမ်းမှုများ အားနည်းခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် မြေပေါ်သယံဇာတဖြစ်သည့် သစ်ပင်သစ်တောများအား ပြန်လည်စိုက်ပျိုးထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ လျော့နည်းလာသည်ကို တွေ့ရကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ဝါကို အဓိကစိုက်ပျိုးသည့်ဒေသဖြစ်ကြောင်း ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ဝါကို အခြေခံသည့် စာမျက်နှာ ၇ သို့ ☆

❖ **သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ရမည်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည်**

❖ **ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရွေးကောက်ပွဲအားဖြစ်နိုင်ပါက တစ်ကြိမ်တည်းကျင်းပပြုလုပ်ရန်ဟု ဖော်ပြပါရှိ၊ သို့သော်မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှုများမရှိသေး၊ အလားတူ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပြောင်းရွှေ့နေထိုင်နေရလျက်ရှိသည့် မဲဆန္ဒရှင်များနှင့် ပြည်ပသို့ရောက်ရှိနေသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်**

❖ **ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆင့်လိုက် ကျင်းပသွားမည်ဖြစ်၊ ထိုသို့ကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားရမည်**



မကွေးမြို့ရှိ ကန်သာမင်္ဂလာကန်တော်ကို တွေ့ရစဉ်။

☆ စာမျက်နှာ ၆ မှ

စက်မှုကုန်ထုတ်လုပ်ငန်းကို စံပြအဖြစ် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လူအများ၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးသည် လိုအပ်ကြောင်း၊ ဝတ်ရေးနှင့် ပတ်သက်၍ အခြေခံလိုအပ်ချက်ရှိပြီး ဖြစ်သဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ပြီး ချည်ထည်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မကွေး တိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုအနေဖြင့် လက်ရှိစပါးအထွက်နှုန်းများအရ ဆန်ဖူလုံမှုများတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပြီး ဆက်လက်၍ တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ ဒေသအတွင်း စားရေးကို အထောက်အကူဖြစ်စေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွားများကိုလည်း မွေးမြူ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ သတ်မှတ်ထားသည့် တစ်ဧကေ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင်ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများလုံလောက်စွာရရှိစေရေး ဧရာဝတီမြစ်အတွင်းမှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုနှစ်မိုးရာသီ၌ မိုးကောင်းစွာရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း။

ဧရာဝတီမြစ်အတွင်း Low–Head Dam များ ဆောက်လုပ်နိုင်သည့်နေရာများရှိကြောင်း၊ Low–Head Dam များ ဆောက်လုပ်ခြင်းဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ မြစ်ကြောင်းတစ်လျှောက် ကုန်စည်သယ်ယူ ပို့ဆောင်ခြင်းများကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်သဖြင့် အရှည်ကိုမြော်တွေး၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသကို ချစ်မြတ်နိုးကြသူများအနေဖြင့် ဒေသအကျိုးအတွက် ဦးဆောင်ပေးကြရန်လိုကြောင်း။

မကွေး တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် ပညာတတ်များပေါ်များစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသိပညာရှိမှသာ အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ ဒေသတွင်း ပညာတတ်များပေါ်များကြွယ်ဝမှသာ ဒေသစီးပွားရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် ဒေသအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး အလေးအနက်ထား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးဒေသမှ ၂၀၂၄–၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှတ်အများဆုံးရရှိသူ (The Whole Myanmar First)ကျောင်းသားတစ်ဦး ထူးထူးခြားခြား ပေါ်ထွန်းခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ အခြားလူငယ်များအနေဖြင့်လည်း ထိုသို့ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မကွေးတိုင်းဒေသကြီး အတွင်း မျှော်မှန်းသက်တမ်းများ တိုးတက်စေရေး ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများ ရှိရန်လိုကြောင်း၊ နိုင်ငံတော်မှလည်း ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင်း နေထိုင်ကြသည့် ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ ယခုထက် ပိုမိုတိုးတက်လာစေရေး တာဝန်ရှိသူများက ကုစားနိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ပြောကြားမှုများသည် မကွေးတိုင်းဒေသကြီး အဘက်ဘက်မှ တိုးတက်လာစေရေးအတွက် တိုက်တွန်းပြောကြားမှုများပင် ဖြစ်ကြောင်း၊ ဒေသအတွက်ဖြစ်နိုင်သည့် ကိစ္စရပ်များကိုသာ ဆွေးနွေးပြောကြားခြင်းဖြစ်ပြီး ဒေသတစ်ခု တိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများအနေဖြင့် ဒေသကို ချစ်ခင်မြတ်နိုးသည့်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုများသည် အရေးကြီးသဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့" ဆိုသည့် ဆောင်ပုဒ်များကိုချမှတ်ထားကြောင်း၊ နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန်မှသာ နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတတ်ရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်ခြင်းကြောင့် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ လူအများသည် စိမ်းလန်းစိုပြည်မှုများကို သဘောကျကြကြောင်း၊ ထို့ကြောင့် ရှိပြီးသား သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်နှင့် သစ်ပင်များ တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ စိတ်ခံစားမှုများ ကောင်းရန်အတွက် သဘာဝပတ်ဝန်းကျင်များ ကောင်းမွန်စေရေး သစ်ပင်သစ်တောများကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်း စိုက်ပျိုးဆောင်ရွက်သွားကြရန်နှင့် မကွေးတိုင်းဒေသကြီး ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များပြခန်းများ၌ ဒေသထွက်တိုင်းရင်းဆေးများ၊ အသုံးအဆောင်ပစ္စည်းများ၊ ချည်ထည်များနှင့် စားသောက်ကုန်ပစ္စည်းများ ပြသထားရှိမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

## မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ ကျက်သရေဆောင် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး မဟာအတုလရန်သီတန်ဆောင်းအတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်ပွားနှင့် စေတီတော်မြတ်ကြီး၏ ပုံတူစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ စေတီတော်မြတ်ကြီး ရင်ပြင်တော် တိုးချဲ့ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ကန်သာမင်္ဂလာကန်တော်သို့ ရောက်ရှိကြပြီး ဘာဂီမော်တော်ယာဉ်များဖြင့် ကန်ပတ်လမ်းအတိုင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

- **မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ လိုအပ်**
- **စက်မှု၊ စိုက်ပျိုး မွေးမြူရေးအခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၊ တိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် ပညာတတ်များပေါ်များစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရန်လို၊ အသိပညာရှိမှသာ အတတ်ပညာများ ရရှိမည်**
- **ဒေသတွင်း ပညာတတ်များ ပေါ်များကြွယ်ဝမှသာ ဒေသစီးပွားရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်**
- **မကွေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် ဒေသအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး အလေးအနက်ထား ဆောင်ရွက်သွားကြရန်လို**

(ဤဆောင်းပါးပါ အမြင်များနှင့် ထင်မြင်ချက်များသည် စာရေးသူ၏ အမြင်များနှင့် ထင်မြင်ချက်များသာဖြစ်ပါသည်။)

# လူညံ့လူဖျင်းများ

**ချစ်စွာသော မြန်မာပြည်သူအပေါင်းတို့ခင်ဗျာ**

ကိုယ့်ကိုယ်ကိုယ်“လွတ်လပ်တဲ့ လုပ်ငန်းယန္တရား” လို့ တထစ်ချသတ်မှတ်ထားတဲ့ အဖွဲ့တစ်ဖွဲ့ဟာ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေပါတဲ့ အစီရင်ခံစာ တစ်စောင်ကို မကြာသေးခင်က ထုတ်ပြန်ခဲ့ပါတယ်။ တကယ်တော့ အဲဒီ ကြီးကျယ်ခမ်းနားလေးစား လောက်စရာ အဖွဲ့အစည်းကြီးဟာ အခုအခါ ဘတ်ဂျက် အကြီးအကျယ် ဖြတ်တောက်ခံနေရတာ ပါ။ သူတို့တစ်တွေ တစ်သွားတည်းသွားနေတဲ့ ခရီးသွားစရိတ်တွေနဲ့ လျှာအရင်းမြက်စရာ ညစာ စားပွဲတွေအတွက် ရန်ပုံငွေရဖို့ အသည်းအသန် ရှာဖွေနေကြရပါတယ်။ တစ်ခါတလေလောက်တော့ လူသားတွေရဲ့အကျိုးအတွက် ကိုယ်ကျိုးလေးစွန့် ပြီး ရိုးရိုးတန်းလောက်နဲ့ ခရီးသွားလိုက်ပါဦး လား။ ဒါမျိုးတော့ သူတို့ဗီဇထဲမှာ ပါလာပုံမရပါဘူး။ သူတို့ရဲ့ **“မဟာအန်ကယ်ကြီး”** ကနေ အခုလို ဘတ်ဂျက်အကြီးအကျယ် ဖြတ်တောက်ခံရတာ သူတို့တစ်သက်မှာ မကြုံဖူးပါဘူး။

ဆယ်စုနှစ်ပေါင်းများစွာ ထင်တိုင်းကြဲ သုံးခဲ့ ဖြုန်းခဲ့တာတွေဟာ အခုတော့ နိဋ္ဌိတံခဲ့ရပါပြီ။ ဆွစ်ဇာလန် အဲလ်ပ်တောင်တန်းတွေပေါ်က အရည် အသွေးမြင့် ဝိုင်တွေနဲ့၊ ချိစ်တွေနဲ့လည်းဝေးခဲ့ ရပါပြီ။ ဂျီနီဗာမြို့မှာရှိတဲ့ အထင်ကရလမ်းမကြီး Rue du Rhone ပေါ်မှာလည်း နောက်ထပ်ခြေမချ နိုင်တော့ပါဘူး။ သူတို့ပစ်မှတ်ထားတဲ့ ပရိသတ်တွေ နားထောင်ချင်တဲ့ အစီရင်ခံစာမျိုးကို ထုတ်ပြန် ပြီး အနောက်ကမ္ဘာခြမ်းက အခြားနောက်လိုက် နောက်ပါတချို့က ရန်ပုံငွေလာဖြည့်လိုဖြည့်ငြား မျှော်လင့်နေကြတာပါ။

ရှင်းရှင်းပြောရရင် သူတို့ရဲ့ အစီရင်ခံစာတွေထုတ် တဲ့ လုပ်ငန်းစဉ်မှာ **“လွတ်လပ်မှု”** ဆိုတာ လုံးဝမရှိပါ ဘူး။ အဲဒီဂျီနီဗာနဲ့ နယူးယောက်က ဆင်စွယ် မျှော်စင်ကြီးတွေထဲမှာ ထိုင်ပြီး ငါနဲ့ငါသာ နှိုင်းစရာ လို့ ထင်နေကြတဲ့ လူတွေရဲ့ အစီရင်ခံစာထုတ်ပြန် မှုလုပ်ငန်းယန္တရားဆိုတာမှာ လွတ်လပ်တယ်ဆိုတာ မျိုး ဘာမှမရှိဘူး။ သူတို့ရဲ့ **“လုပ်ကြံဖန်တီးထား တဲ့”** အစီရင်ခံစာတွေကို ပြင်ပကနေ လွတ်လပ်စွာ စစ်ဆေးအတည်ပြုတာမျိုး မရှိပါဘူး။ သူတို့ရေးတဲ့ အစီရင်ခံစာကို သူတို့ကိုယ်တိုင်ပဲ ပြန်ပြီး အတည်ပြု နေကြတာပါ။ ဒါက တရားသူကြီးနဲ့ တရားခံဟာ တစ်ယောက်တည်းဖြစ်နေသလိုပါပဲ။ သူတို့လုပ်သမျှ ဘာတစ်ခုမှ ပွင့်လင်းမြင်သာမှု မရှိပါဘူး။

လက်တွေ့မှာတော့ ဒီလို အရည်အချင်းမပြည့်မီ တဲ့သူတွေက အစီရင်ခံစာ ထုတ်ပြန်ပြီဆိုရင် လူတွေ က ဒါဟာ အဖြစ်မှန်၊ ဒါဟာ အမှန်တရားပဲဆိုပြီး အလိုလိုလက်ခံနေကြတဲ့ အလေ့အထတစ်ခုဖြစ်နေ ပါတယ်။ အကြောင်းကတော့ **“အပြာရောင်”** က လူ့ကျင့်ဝတ်ဆိုင်ရာ စံနှုန်းတွေကို မြင့်မြင့်မားမား ကိုင်စွဲထားရမယ်လို့ ယူဆထားကြလို့ပါ။ ဒါပေမဲ့ ဒါဟာ လက်တွေ့နဲ့ အများကြီး ကွာခြားနေတဲ့ အမြင် တစ်ခုသာ ဖြစ်ပါတယ်။

## ရွေးကောက်ပွဲကိုပါနှောင့်ယှက်ဖို့ တိုက်ရိုက်ကြိုးစားလာနိုင်

မြန်မာနိုင်ငံမှာ ဒီနှစ်ကုန်ပိုင်းလောက်ကျရင် ရွေးကောက်ပွဲလုပ်မယ်လို့ ကြေညာလိုက်တဲ့အတွက် ဒီလူတွေ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြပြီ။ သူတို့ရဲ့ရည်ရွယ်ချက်က အမြဲတမ်း နိုင်ငံရေး အကြောင်းပဲ။ သူတို့ရဲ့ ရာထူးသက်တမ်းကို ဆွဲဆန့် ဖို့အတွက်ပါ ။ ပဋိပက္ခတွေ ကြာလေ၊ သူတို့ရဲ့ အလုပ် သက်တမ်း ရှည်လေပဲပေါ့။ အကုန်လုံးက ကိုယ်ကျိုး စီးပွားအတွက်ချည်းပါပဲ။ မြန်မာနိုင်ငံအတွက်လည်း မဟုတ်ဘူး၊ အခက်အခဲရှိတဲ့ နိုင်ငံတွေက ပြည်သူ တွေအတွက်လည်း မဟုတ်ပါဘူး။ သူတို့ဟာ နောက်ထပ် လိမ်ညာလုပ်ကြံဖြားထားတဲ့ **“အစီရင် ခံစာ”** တွေ၊ **“တွေ့ရှိချက်တွေ”** အများကြီးထပ်ထုတ်ပြန် ကြဦးမှာပါ။ သူတို့ဟာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ ပိုပြီးတော့ ရဲတင်းလာကြမှာ ဖြစ်ပြီး ရွေးကောက်ပွဲကိုပါ နှောင့်ယှက်ဖို့ တိုက်ရိုက် ကြိုးစားလာနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြဿနာ တွေသာ ဖြေရှင်းပြီးသွားမယ်ဆိုရင် သူတို့ရဲ့ရာထူး သက်တမ်းတွေလည်း ပြီးဆုံးသွားမှာပဲလေ။

သူတို့ဆောက်တည်ရာမရ ဖြစ်လာတဲ့အခါ သူတို့အသံတွေ ပိုကျယ်လာလိမ့်မယ်။ ဒါပေမဲ့ သူတို့တစ်ခါ ထိုးနှက်တိုင်း ပိုပြီးပြင်းပြင်းထန်ထန် ပြန်ထိုးနှက်ပါ။ ပိုပြီးကျယ်လောင်တဲ့ အသံနဲ့ ပြန်ချေပပါ။ သူတို့ရဲ့ ဆယ်စုနှစ်ချီပြီးဖြစ်ခဲ့တဲ့ အမှားတွေ၊ အရှုပ်တော်ပုံတွေ၊ သူတို့ ကာကွယ်ပေးဖို့ တာဝန်ရှိတဲ့ အပြစ်မဲ့၊ အားကိုးရာမဲ့၊ ကူကယ်ရာမဲ့ နေတဲ့ပြည်သူတွေအပေါ် ဖော်မပြနိုင်လောက်အောင် ပေးခဲ့တဲ့ ဆိုးရွားတဲ့ နာကျင်မှုတွေကို ဆက်ပြီး ထောက်ပြနေပါ။ ဟေတီ၊ ကွန်ဂို၊ အီရတ်တို့မှာ ဘာတွေဖြစ်ခဲ့သလဲ ဆိုတာမျိုးပေါ့။ သူတို့လုပ် ခဲ့တဲ့ ဘဏ္ဍာရေးအရှုပ်တော်ပုံတွေ၊ ကလေးသူငယ် အပေါ် မဖွယ်မရာပြုမှုတွေ၊ ပြည့်တန်ဆာနဲ့ပျော်ပါး တာတွေလိုမျိုး အမှုစာရင်းတွေက အများကြီးပါ။ သူတို့ထဲမှာ ကမ္ဘာပေါ်က အောက်တန်းအကျဆုံး လူသွမ်းတွေပါ။ အဲဒီငတိတွေတစ်ယောက်မှ ပြစ်ဒဏ်ခံရတာ မရှိသေးပါဘူး။ သူတို့ဟာ ရာထူး နေရာတွေ အတင်းဖြတ်တောက်ခံနေရပါတယ်။ ဒါကြောင့် လုပ်ငန်းယန္တရားလို့ခေါ်တဲ့အဖွဲ့က အရည်အချင်းမရှိတဲ့သူတွေဟာ သူတို့ရဲ့ရာထူး တည်မြဲဖို့ ပျာပျာသလဲ ကြိုးစားနေကြတာပါ။ မြန်မာလိုမျိုးနိုင်ငံတစ်ခုကို အဓိပ္ပာယ်မရှိဘဲ လိုက်လံနှောင့်ယှက်မနေဘူးဆိုရင် သူတို့မှာအလုပ် ရှိတော့မှာ မဟုတ်ပါဘူး။ ဆင်းရဲဒုက္ခရောက်ပြီး စိတ်ဓာတ်ကျလာတဲ့အခါ သူတောင်းစားတွေ တောင်မှ ဓားပြတိုက်လာနိုင်တယ်။

ကမ္ဘာပေါ်က နေရာတချို့ဟာ မြေပြင်ပေါ် က ငရဲခန်းအဖြစ် ပြောင်းလဲနေပေမယ့် ဂျီနီဗာနဲ့ နယူးယောက်ကနေလာတဲ့ ဒီလူညံ့လူဖျင်း ဒုတိယ တန်းစားအသင်းက လူတွေ ဘာမှမတတ်နိုင်ပါဘူး။ ဘယ်သူကမှလည်း သူတို့ကို နားမထောင်ကြပါဘူး။ ဒီလိုအချိန်မျိုးမှာ သူတို့ရဲ့ မြန်မြန်ဆန်ဆန် မှေးမှိန် ပါးလျားနေတဲ့ အရေးပါမှုကို ပြန်ပြီးဖော်ပြဖို့အတွက်ပဲ တစ်ခါတလေ ဝေးရာကနေ လှမ်းအော်နေကြတာပါ။ သူတို့ရဲ့ **“အန်ကယ်ကြီး”** တွေနဲ့ပတ်သက်လာရင် တော့ ဘာတစ်ခုကလေးတောင်မှ မလုပ်ရဲကြပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ တည်ရှိမှုကို အကြောင်းပြဖို့ အတွက်တော့ သေးငယ်တဲ့ နိုင်ငံလေးတွေကို နိုင်လိုမင်းထက်လုပ်ရတာကိုပဲ နှစ်သက်ကြပါတယ်။ ငါနဲ့ငါသာနှိုင်းစရာ **‘ငါသာအမြတ်ဆုံး’** လို့ ကိုယ့်ကိုယ်ကိုယ်ထင်နေကြတဲ့ ဒီလူတွေကို စုံစမ်း စစ်ဆေးသင့်တယ်။ လူတိုင်းမှာ ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တွေ ရှိကြတာချည်းပဲလေ။ သူတို့ လုပ်ဖော်ကိုင်ဖက်တွေထဲက တရားသူကြီး တစ်ယောက် လိင်ပိုင်းဆိုင်ရာ အကျင့်ပျက်မှုနဲ့ လစာဖြတ်တောက်ခံရဖူးတာကို သတိရကြပါ။ သူကတော့ ငြင်းတာပေါ့။ ဒါကတော့ ဒီလိုပဲ လုပ်ကြ မှာပါပဲ။ မီးခိုးရှိတဲ့နေရာမှာ မီးရှိတာပဲလေ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး နယူးယောက်က ထွေချုပ်ကြီးကတော့ နှုတ်ဆိတ်နေပါတယ်။ သူတို့ရဲ့ **“အမျိုးသမီးများ ဆိုင်ရာရုံး”** ဆိုတာကြီးကရော နစ်နာသူတွေကို အကူအညီပေးခဲ့ရဲ့လား။ သူတို့ရဲ့ **“ကြီးကြပ်ရေးရုံး”** ဆိုတာကြီးကရော ဘယ်လိုလဲ။

ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေ ပြောင်းလဲသွား ပါပြီ။ မြန်မာနိုင်ငံဟာလည်း အထီးကျန်မဟုတ်တော့ ပါဘူး။ မြန်မာမှာ မိတ်ဆွေကောင်းတွေရှိပါတယ်။ ခိုင်ခိုင်မာမာရပ်တည်ပါ။ ကိုယ့်ရဲ့မိတ်ဆွေတွေကို အမှီသဟဲပြုပြီး မြန်မာနိုင်ငံအတွက် အကောင်းဆုံး ဖြစ်မယ့်လမ်းကို ပြည်တွင်းအခြေအနေတွေနဲ့အညီ အရှိန်အဟုန်မပျက် ရှေ့ဆက်သွားကြပါ။

နောက်ပြီးတော့ **“မဟာသံတမန်ကြီး”** ရဲ့လာမယ့် ရက်သတ္တပတ် အနည်းငယ်အတွင်းမှာ နယူးယောက် ကို ပျော်ရွှင်စွာ သွားရောက်မယ့် ခရီးစဉ်အတွက် လည်း မင်္ဂလာရှိပါစေလို့ ဆုတောင်းပေးလိုက်ပါ တယ်။ တစ်ရက်တည်းပဲကြာမယ့် အကျိုးမရှိတဲ့ အစည်းအဝေးတစ်ခုပေါ့။ အဲဒီမှာရှိတဲ့ **“အရပ်ဘက် လူ့အဖွဲ့အစည်း”** လို့ နာမည်ခံထားတဲ့အဖွဲ့တွေနဲ့ ပျော်ရွှင်ကြပါစေဗျာ။ ဘာပဲဖြစ်ဖြစ် ဒီအဖွဲ့တွေက ကမ္ဘာကြီးရဲ့ကံကြမ္မာကို ဆုံးဖြတ်ကြမယ်လေ။ ဟုတ်တယ်ဟုတ်။ လူမရှိတဲ့ ခန်းမကြီးတွေထဲမှာပဲ မိန့်ခွန်းတွေဆက်ပြီး ခြွေကြရအောင်လေ။ ။

(၁၆ – ၈ –၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ Kyaw Myint Htoon (Paris) ၏ Incompetents ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

မြန်မာနိုင်ငံမှာ ဒီနှစ်ကုန်ပိုင်းလောက်ကျရင် ရွေးကောက်ပွဲလုပ်မယ်လို့ ကြေညာလိုက်တဲ့အတွက် ဒီလူတွေ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြပြီ။ သူတို့ရဲ့ရည်ရွယ်ချက်က အမြဲတမ်း နိုင်ငံရေးအကြောင်းပဲ။ သူတို့ရဲ့ ရာထူးသက်တမ်းကို ဆွဲဆန့်ဖို့အတွက်ပါ။ ပဋိပက္ခတွေကြာလေ၊ သူတို့ရဲ့ အလုပ်သက်တမ်း ရှည်လေပဲပေါ့။ အကုန်လုံးက ကိုယ်ကျိုးစီးပွားအတွက်ချည်းပါပဲ။ မြန်မာနိုင်ငံအတွက်လည်း မဟုတ်ဘူး၊ အခက်အခဲရှိတဲ့ နိုင်ငံတွေက ပြည်သူတွေအတွက်လည်း မဟုတ်ပါဘူး။ သူတို့ဟာ နောက်ထပ် လိမ်ညာလုပ်ကြံဖြားထားတဲ့ “အစီရင်ခံစာ”တွေ၊ “တွေ့ရှိချက်တွေ” အများကြီးထပ်ထုတ်ပြန်ကြဦးမှာပါ။ သူတို့ဟာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ ပိုပြီးတော့ ရဲတင်းလာကြမှာဖြစ်ပြီး ရွေးကောက်ပွဲကိုပါ နှောင့်ယှက်ဖို့ တိုက်ရိုက်ကြိုးစားလာနိုင်ပါတယ်



# Incompetents

By Kyaw Myint Htoon (Paris)

DEAR People of Myanmar,

Recently, a certain so-called "Independent Mechanism" released a report making some baseless accusations. Their august organization is facing severe budget cuts. There is a need to desperately seek funding for their continued travels and fine dining. Might they, once in a while, scarify for the sake of humanity by flying economy??? Not in their DNA!!! They have never faced such deep budget cuts from their BIG, BIG Uncle! Decades of unconscious wasteful spending are finally being halted. Fine wine and cheese in the Swiss Alps may have ended. No more walking down Rue du Rhone! In releasing the report, their targeted audience wishes to hear, they hope some other minions in the Western hemisphere might step up and fill the gap.

There is nothing "independent" about their reporting process, and above all, there is no "mechanism" with these self-righteous people who sit behind the desk in the ivory towers in Geneva and New York. There is no independent verification of their "cooked-up" reports. They verify their reports. It is akin to the judge and the accused being the same person. Nothing they do is transparent! It has been the practice that when reports are released by these incompetents, people automatically accept them as factual and truthful, just because "the Blue" is supposed to hold moral high ground. It is the perception that is far from reality.

Since Myanmar has announced elections for later in the year, these people can't help themselves. Their motive is always about politics. To prolong their mandates. The longer the conflicts go on, the longer their employment! AN about their self-interest. Never for Myanmar and never for the people in disadvantaged countries. They will release more fabricated "reports", "findings", and so on. They will become more and more brazen in interference, and maybe even outright try to disrupt the elections. If Myanmar's problems are solved, that's the end of their mandate.

In desperation, they will become louder. But, each time they hit, hit them back harder. Hit them back louder. Continue to point out their decades-long misgivings, their scandals, the unspeakable pain they have inflicted on innocent, hopeless, hapless people they were mandated to protect. Haiti, Congo, Iraq. Financial scandals. Pedophilia. Prostitution. The list goes on and on! Among them, there are some of the lowest scums on earth. Not one of them has paid the price.

They are being forced to cut posts. Therefore, the incompetents from the "Mechanism" are desperate to hang on to their position. Without senselessly hounding a country like Myanmar, they have no jobs. When beggars become desperate, they'll rob.

Some places in the world are being turned into hell on earth. These incompetent minor leaguers from Geneva and New York cannot do a thing. No one listens to them. In these instances, they shout from afar once in a while, just to justify their fast-fading relevance. When it comes to their Big Uncles, they can't do a single thing. But let's just beat up on smaller countries to justify their existence. These self-obsessed "holier than thou" people should be investigated. Everyone has skeletons in their closet!

Let us remember one of their colleagues, a certain Judge, who is on paid leave for sexual misconduct. He denied. Of course! What is to be expected? Where there is smoke, there is fire! The Supremo in New York has been silent about the case. Has the so-called "women's" office offered support to the aggrieved? How about their so-called "oversight office"?

Geopolitical dynamics have changed. Myanmar is far from isolation. Myanmar has friends. Stand firm. Count on your friends and plough full speed ahead with the best path forward for Myanmar, as determined by the domestic realities.

On the way, bon voyage to the Great Envoy, who will be making a happy trip to New York for a useless talkfest in a few weeks. Have fun with the so-called "civil society" groups. After all, these groups will decide the fate of the world!!! Right? Let's continue to give speeches to empty halls!!!

*(The views and opinions expressed in this article are those of the author.)*






# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၆)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆) သင်တန်း ဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်း ကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁၆)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများကို ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင် အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၆)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

“ကျွန်တော်က တပ်မတော်ကို ချစ်ပါတယ်။ ကျွန်တော်က တပ်မတော်မှာပဲ နေချင်တာပါ။ ကျွန်တော် အပြင်မှာ နေလို့ရှိရင် အိမ်တောင်မကပ်ဘူး။ အပြင်မှာ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ စည်းကမ်း တော်တော်မဲ့ပါတယ်။ တပ်မတော်ထဲကို ဝင်လာတဲ့အတွက် ကျွန်တော့်ကို ဒီကဆရာတွေက စည်းကမ်းတကျထားတယ်။ အချိန်နဲ့ ထမင်းစားတယ်။ အိမ်မှာဆို အချိန်နဲ့ ထမင်းမစားဘူး။ ဒီရောက်တော့ အချိန်နဲ့ ထမင်းစားတယ်။ အချိန်နဲ့ သွားလာရတယ်။ အဲဒီအတွက် ကျွန်တော့်ကို ကျွန်တော် ပြောင်းလဲသွားမယ်လို့ ယုံကြည်ပါတယ်။ နှစ်နှစ်ကာလ ပြီးဆုံးသွားရင်လည်း အထက်က ပေးအပ်တဲ့ အမိန့်အတိုင်း ဆက်လက် တာဝန်ထမ်းဆောင်သွားမှာပါ။ ကျွန်တော့်ကို ကျွန်တော်လည်း ဂုဏ်ယူတယ်။ ကျွန်တော့်အမေလည်း ဂုဏ်ယူနေမှာပါ။”

“သင်တန်း လာတက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော် ကာကွယ်ဖို့ လာရောက်တက်ရောက်တာ ဖြစ်ပါတယ်။ အရပ်သားဘဝနဲ့ နည်းနည်းတော့ ပြောင်းလဲကွာဟမှုတော့ ရှိတယ်။ အရပ်သားဘဝမှာက အကျႌဝတ်တာကအစ၊ စားတာသောက်တာကအစ နည်းနည်းလေး စည်းမရှိတာလည်း ပါခဲ့တာပေါ့။ လက်ရှိစစ်မှုထမ်းဆောင်စဉ် ကာလ စစ်တပ်ထဲရောက်တော့ ကျွန်တော်တို့ရဲ့ ပုံစံတွေက အားလုံးစည်းကမ်းတကျ ဖြစ်သွားပါတယ်။ သင်တန်းဆင်းပြီးအခါကျတော့လည်း မိခင်တပ်ရင်းကို ရောက်လို့ရှိရင် အထက်ကပေးအပ်တဲ့ တာဝန်တွေကို ဆက်လက်ပြီး လုပ်ဆောင်သွားပါမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။” **သတင်းစဉ်**









# မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမနှင့် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး ပြင်ဆင်နိုင်ရေး အလှူငွေပေးအပ်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အင်အားပြင်းငလျင်ဒဏ်ကြောင့် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိမဟာဘွဲ့နှင်းသဘင် အဆောက်အအုံပျက်စီးမှုနှင့် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးရှိအဆောက်အအုံများ ပျက်စီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်ကြံ့ခိုင်မှုရှိစေရန် အရည်အသွေးပြည့်မီသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုရန်နှင့် အဆောက်အဦ SOPနှင့်အညီ ပြုပြင်ဆောင်ရွက်သွားရန် မှာကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၌ ကျင်းပသည့် အလှူတော်ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကေသရထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမကြီး ပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၆၀၀ နှင့် ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီး ပြုပြင်ရန် အလှူငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

လှူဒါန်းပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းခရိုင်၊ မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းတစ်ဦးလျှင် ဆန်ခြောက်ပြည်ပါအိတ် တစ်အိတ်နှုန်းဖြင့် စုစုပေါင်းဝန်ထမ်း ၅၈၈ ဦးအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဘီလူးချောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



လွိုင်ကော် ဩဂုတ် ၁၈

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ထေးသမရပ်ကွက် လေ့ကျင့်ရေးအလယ်တန်းကျောင်း ပြုပြင်နေမှု၊ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး ဆရာဝန်ကြီးများ အိမ်ရာများ ပြုပြင်နေမှု၊ ပြည်နယ်ရေကူးကန်နှင့် အားကစားရုံ၊ အားကစားကွင်းများ ပြန်လည်ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ထေးသမရပ်ကွက် လေ့ကျင့်ရေးအလယ်တန်းကျောင်း ပင်မနှစ်ထပ်စာသင်ဆောင်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလပြီးစီးအောင် ဆောင်ရွက်ရန်၊ ပြီးစီးပါက ကျောင်းပြန်လည်ဖွင့်လှစ်ရန်နှင့် လိုအပ်သည့် ကျောင်းသုံးရုံးသုံး ပရိဘောဂများ ပြည့်စုံစွာ စီမံဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ မင်းစုရပ်ကွက် ပြည်နယ်ပြည်သူ့ဆေးရုံကြီး ဆရာဝန်ကြီးများအိမ်ရာ လေးခန်းတွဲ လေးထပ်နှင့် လေးခန်းတွဲ နှစ်ထပ်အိမ်ရာများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများအား စနစ်တကျပြန်လည်နေရာချထားပေးရန်နှင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသာယာရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒေါဥခူရပ်ကွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ရောက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်အမျိုးသားရေကူးကန်၊ ရေသန့်စင်စက်များ၊ ရေချိုးသန့်စင်ခန်း အဆောက်အအုံများ ရာနှုန်းပြည့် ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ကိုယ်ကာယလေ့ကျင့်ရေး GYM အားကစားခန်းမအတွင်း လေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဘောလုံးကွင်း၌ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများနှင့် ဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများကတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နမ့်ကွတ်ရပ်ကွက် နမ့်ကွတ် ရေစီးကွေ့နေရာတွင် ဘီလူးချောင်း ရေကြီးမြင့်တက်မှုမှ ကာကွယ်နိုင်ရန်နှင့် ရေစီးရေလာကောင်းမွန်စေရေး လူအင်အား၊ စက်ယန္တရားများဖြင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနတို့က ချောင်းကမ်းပါးတစ်လျှောက် ချုံနွယ် အမှိုက်သရိုက်များ ရှင်းလင်းဆယ်ယူခြင်း၊ ကျွန်းမွှားများ ဖယ်ရှားခြင်းနှင့် သဲသောင်ဖြစ်ပေါ်နိုင်သည့် နေရာများ ဆယ်ယူခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဂျီအီးစီ(ပညာရေး) သမဝါယမအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဂျီအီးစီ(ပညာရေး)သမဝါယမအသင်း၏ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးရွှေဘက အသင်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၂၄ – ၂၀၂၅ နှစ် ဘဏ္ဍာရေးရှင်းတမ်းအား ဖတ်ကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော အသင်းသားများအား အသင်းသားအကျိုးဝေစုနှင့် စုဆောင်းငွေအပေါ် အတိုးများထုတ်ပေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၀ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၈-၈-၂၀၂၅) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၀–၈–၂၀၂၅)ရက်နေ့ ည(၈:၀၀)နာရီမှ (၁၇–၈–၂၀၂၅)ရက်နေ့ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၃၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်–၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုသင်တန်းကျောင်းနှင့် စက်ရုံများ ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)တွင် သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းက မကွေးမြို့ အမှတ်(၅)စက်မှုသင်တန်းကျောင်း၌ သင်တန်းသားများအား စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှုနှင့် မကွေးအချိုရည်နှင့်ရေခဲစက်ရုံ၊ ဆပ်ပြာစက်ရုံ(မကွေး)တို့၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ သက်တမ်းပြည့် အသုံးပြုနိုင်ရေး ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများ ထုပ်ပိုးမှုစနစ်ကောင်းမွန်စွာ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊ ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်းများ ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ စနစ်တကျရှိစေရေးကြီးကြပ်စစ်ဆေးခြင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ဝန်ဆောင်မှုပေးခြင်းစသည့် လုပ်ငန်းများနှင့်သက်ဆိုင်သည့် ကျွမ်းကျင်မှုရှိစေရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် မိမိဌာနတွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သောထုတ်ကုန်များသည် အရည်အသွေးပြည့်မီရန် စိစစ်ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ် အထူးပြု ပထမနှစ်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်သို့ လေ့လာရေးခရီးရောက်ရှိနေသည့် မန္တလာတက္ကသိုလ်မှ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ် အထူးပြု ပထမနှစ်ကျောင်းသား ကျောင်းသူများအား ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ မန္တလာတက္ကသိုလ်မှ နေပြည်တော်လေ့လာရေးခရီးစဉ်သို့ လိုက်ပါလာကြသည့် အုပ်ချုပ်သူဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ယူတတ်မြောက်ခဲ့သော သင်ခန်းစာများနှင့် ယခု နေပြည်တော် ခရီးစဉ်အတွင်း လေ့လာတွေ့ရှိချက်များကို မိမိတို့၏ အတွေးအခေါ် ဆန်းသစ်တီထွင်မှုများနှင့်ပေါင်းစပ်ပြီး လက်တွေ့အသုံးချနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် နိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ကျရာအခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလာတက္ကသိုလ် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာစီမံခန့်ခွဲမှု ဘာသာရပ် အထူးပြု ပထမနှစ်ကျောင်းသူ တစ်ဦးက လေ့လာရေးခရီးစဉ် အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ကျောင်းသားကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများကပြန်လည် ရှင်းလင်း ဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင်ရပ်၊ ခေမာရာမသီလရှင် စာသင်တိုက်ကျောင်းလမ်း၊ အမှတ် (၆၉၁)တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၂-၈-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ**



**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာ့ဒေသရင်း ငှက်မျိုးစိတ် အထူးထုတ် ၂၀၀ ကျပ်တန် (၉)လုံးပါ Block of Stamp စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်




**နေပြည်တော် ဩဂုတ် ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ် ကိုးမျိုးဖြင့် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ **မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်အထူးထုတ် ၂၀၀ ကျပ်တန် (၉)လုံးပါ Block of Stamp** စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို **၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးမည်ဖြစ်သည်။

**တံဆိပ်ရိုက်နှိပ်ပေး**

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဩဂုတ် ၂၀ ရက် (ဗုဒ္ဓဟူးနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာ ကွင်းအမှတ် (၁၈၈၅) တောင်သူ ဦးထွန်းဝေ၏ လယ်ဧက ၅၀ တွင် ပေါ်ဆန်းရင်စပါးစိုက်ပျိုးနေမှု၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက်နေမှုနှင့် ကောက်ရိုးဖြင့် သဘာဝမြေဩဇာပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရာသီမရွေးစိုက်ပျိုးရေးရရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ ချင်းရွာဓမ္မာရုံ၌ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးသည့်စနစ်ကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ ပုဗ္ဗသီရိ(ပြန်/ဆက်)





## ပုလောမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

ပုလော ဩဂုတ် ၁၈

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် စက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုလောမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်လွင်က မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍မဲပေးရခြင်းရည်ရွယ်ချက်၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပါဝင်သည့် ဆက်စပ်ပစ္စည်းများ၊ မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်း၊ မဲရလဒ်များ၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း၊ မဲရလဒ်များ ထုတ်ယူကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးမော်(ပုလော)

## ဖျာပုံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပ

ဖျာပုံ ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မြို့နယ်ရွေးကောက်ပွဲအရာရှိဒေါ်ခင်မိုးလှိုင်က မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စက်အသုံးပြုပုံ အဆင့်ဆင့်ကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိမဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းများ လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကြံခင်းမြို့နယ်ရှိ မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ကျင်းပ



ကြံခင်း ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိမဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ဝင်းဝင်းမြင့်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့် လုပ်ငန်းစဉ်များကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။ မဲပေးဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ဥသျှစ်ပင်မြို့ နာဂမုနိဘုရားကြီး အာရုံခံတန်ဆောင်း၌ ကျင်းပစဉ်။

အောင်မြင့်(ပန်းတောင်း)






## ကျုံပျော်၌ မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

ကျုံပျော် ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျုံပျော်မြို့ ရောမင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်သက်မြတ်စိုးက မဲပေးစက်အကြောင်းသိကောင်းစရာများနှင့် မဲပေးပုံနည်းစနစ်တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## သထုံမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး



သထုံ ဩဂုတ် ၁၈

မွန်ပြည်နယ် သထုံမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးသရုပ်ပြသခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစံလှဘော်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းထွန်းမောင်တို့က မိတ်ဆက်စကားများပြောကြားကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာထွေးက မြန်မာအီလက်ထရောနစ်မဲပေးစက်တွင် ပါဝင်သည့်စက်ပစ္စည်းများနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနား တက်ရောက်

ပုသိမ် ဩဂုတ် ၁၈

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်မြောက် ကျေးရွာအုပ်စု မြတ်ဓမ္မရောင်ခြည် သာသနာ့ဗိမာန်တော်၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။



ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား လူဦးရေစာရင်းကောက်ယူခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်း မှတ်ပုံတင်ခြင်းနှင့် ထောက်ပံ့ငွေပေးအပ်နေမှုများကိုကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျဆောင်ရွက်ရေး၊ စာရင်းဇယားများ မှန်ကန်မှုရှိစေရေး တို့ကို မှာကြားသည်။

ထို့နောက် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် အားကစားခန်းမ၌ပြုလုပ်သည့် မဲဆန္ဒရှင်များ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်းအခမ်းအနားသို့ တက်ရောက်၍ ပြည်သူများက ဆန္ဒမဲလာရောက်ပေးရာတွင် မဲရုံတာဝန်ရှိသူများက မဲစာရင်းများတိုက်ဆိုင်စစ်ဆေးခြင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသား မဲဆန္ဒနယ်များတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ သရုပ်ပြစမ်းသပ်မဲပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူများအား လူဦးရေစာရင်းကောက်ယူခြင်းနှင့် ထောက်ပံ့ငွေပေးအပ်နေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် စာကြည့်တိုက်များ ကြည့်ရှုစစ်ဆေး၊ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စဥ့်ကိုင်မြို့နယ်ရုံး၊ ကျောက်ဆည်ခရိုင်ရုံး၊ ကျောက်ပန်းတောင်းမြို့နယ်ရုံးနှင့် ချောက်မြို့နယ်ရုံး တို့သို့ ရောက်ရှိပြီး ရုံးနှင့် စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ချောက်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြား သင်ယူနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ပညာရည်မြင့်မားရေးနှင့် လူငယ်ရေးရာကိစ္စရပ်များကို မှာကြားသည်။

တွေ့ဆုံပွဲသို့ ချောက်ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးများ၊ ချောက်မြို့ စက်မှုလက်မှုသိပ္ပံ ကျောင်းအုပ်ကြီး၊ ချောက်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ လူရည်ချွန်မောင်မယ်များ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက ဆွေးနွေး မှာကြားရာတွင် တစ်ဦးချင်းအတွက်ရော ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပညာရေးသည်အဓိကကျပါကြောင်း၊ ပညာမတတ်သူ၊ ပညာရည်နိမ့်ပါးသူများပြားနေလျှင် အောက်ကျနောက်ကျဖြစ်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရန် မဖြစ်နိုင်ပါကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်ဝသူများဖြင့်သာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ရရှိပြီးသော လူဦးရေနှင့် သန်းခေါင်စာရင်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် ကျောင်းလုံးဝမနေဖူးသူ နည်းပါးသော်လည်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ မူကြိုနှင့် မူလတန်းအဆင့်သာ အောင်မြင်ကြပါကြောင်း၊ ထို့ပြင် အခြေခံပညာ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့တွင်လည်း အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်သွားကြသဖြင့် ဘွဲ့ရပညာတတ် အရေအတွက်မှာ နည်းပါးလာပါကြောင်း။

ရှေ့ရှည်တွင် နိုင်ငံအတွက် စိုးရိမ်စရာ ဖြစ်သောကြောင့် နိုင်ငံတော် အကြီးအကဲကလည်း "ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်၊ ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ ဖော်ဆောင်ပေးကြရန်"၊ "ယနေ့ ဆူပူအကြမ်းဖက်မှုများနှင့် အကြောင်း အမျိုးမျိုးကြောင့် ပိတ်ထားရသော ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းထွက်မှုနှုန်းလျော့ပါးရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး၊ KG+9 ထိ မသင်မနေရ ပြီးစီးအောင်သင်ယူရေး" စသည်တို့ကို လမ်းညွှန်မှာကြားထားပါကြောင်း၊ ကျောင်းသားကျောင်းသူများ အနေဖြင့် စာတတ်ရုံ၊ အတန်းအောင်ရုံမျှဖြင့် ကျေနပ်မနေကြဘဲ စဉ်းစားတွေးခေါ်မှု၊ ဗဟုသုတပြည့်စုံမှု၊ အမှားအမှန်ခွဲခြားနိုင်မှု၊ တီထွင်ဆန်းသစ်မှု စသည်တို့ဖြင့် အသိပညာပြည့်ဝအောင်ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ ငယ်စဉ်ကတည်းက အကျင့်စာရိတ္တကောင်းမွန်ပြီး စည်းကမ်းဥပဒေကို လိုက်နာတတ်သူများဖြစ်အောင် ကျင့်ကြံနေထိုင်ရေး၊ စာတတ်ရုံ ပညာတတ်ရုံဖြင့်မပြီးဘဲ ကျန်းမာကြံ့ခိုင်အောင် ကြိုးစားပြီး ဗလငါးတန်ပြည့်ဝအောင် ဖြည့်ဆည်းနေထိုင်ရေး၊ အလိမ္မာစာမှာရှိဆိုသည့် စကားနှင့်အညီ စာပေလေ့လာဖတ်ရှုပြီး လူကောင်းလူတော်များဖြစ်အောင်၊ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံနှင့် ပြည်သူအကျိုးကို ဖြည့်ဆည်းသယ်ပိုးပေးနိုင်သူများဖြစ်အောင် ကြိုးစားကြရန်လိုပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ လမ်းညွှန် မှာကြားထားသည့်အတိုင်း စာမတတ်သူသည် ထိုင်နေသောသူနှင့်တူပြီး စာတတ်သော်လည်း စာမဖတ်သူမှာ ရပ်နေသူနှင့် တူကြောင်း၊ စာလည်းတတ် စာလည်း ဖတ်ကြမှသာ



ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ဆည်ခရိုင်ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။

လမ်းလျှောက်သူ၊ ဘဝရှင်သန်နေသူဖြစ်မည်ဆိုသည့် မှာကြားချက်နှင့်အညီ စာပေလေ့လာဖတ်ရှုခြင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းတို့ဖြင့် ဘဝကို တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

မိဘနှင့် ဆရာ ဆရာမများက ကျင့်ဝတ်နှင့်အညီ ပြုစုစောင့်ရှောက်သွန်သင်ဆုံးမမှုများကိုကျောင်းသားကျောင်းသူများ အနေဖြင့် သားသမီးဝတ်၊ တပည့်ဝတ်တို့နှင့်အညီ နာယူမှတ်သား လိုက်နာကြခြင်းဖြင့် သက်ရှည်ကျန်းမာပြီး ဘဝအဆင့်အတန်း မြင့်မားသူများဖြစ်အောင်၊ တိုင်းပြည်၏ သားကောင်းရတနာများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ပေးအပ်သည့် အားကစားပစ္စည်းများကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ခရိုင်ပညာရေးမှူးတို့က လက်ခံရယူပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရေနံချောင်းမြို့နယ်ရုံးတွင် လည်းကောင်း၊ မကွေးခရိုင်ရုံးတွင် မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့မှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအား လည်းကောင်း၊ မြို့သစ်မြို့နယ်ရုံးတွင် ဝန်ထမ်းများအား လည်းကောင်း တွေ့ဆုံ၍ ဝန်ထမ်းကျင့်ဝတ်၊ အဓိဋ္ဌာန်များနှင့်အညီ ဝန်ထမ်းကောင်း ဖြစ်အောင် ကြိုးစားကျင့်ကြံ လုပ်ကိုင်ရေး၊ လူငယ်အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရေး၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျရာတာဝန် အခန်းကဏ္ဍမှ တက်တက်ကြွကြွပူးပေါင်းပါဝင်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့ ⬭ စာပေမြင့်မှ လူမျိုးတင့်မည်

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေး

ရွှေတောင် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ရွှေတောင်မြို့နယ် နွားခြံကုန်းကျေးရွာအုပ်စု ကျွန်းတန်းရိုးကျေးရွာ ရှမ်းကုန်းကွင်းအတွင်းရှိ မိုးမြေပဲစံပြစိုက်ခင်း တစ်ကွင်းတစ်ဆက်တည်းဧက ၁၀၀ ရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ကုန်ကြမ်းအဖြစ် မရောင်းချစေဘဲ မြေပဲဆီထုတ်လုပ်ရောင်းချခြင်းနှင့် မြေပဲဆီထုတ်လုပ်ခြင်းမှ ထွက်ရှိလာသည့် ပဲဖတ်များဖြင့် တိရစ္ဆာန်အစာလုပ်ငန်းများဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့မကျေးရွာအုပ်စု ဆင်ရှင်ကျေးရွာ၌ မိရိုးဖလာစက်ရက်ကန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသတစ်ခုလုံး ရက်ကန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ခြင်းသည် "ကျေးရွာတစ်ခု ထုတ်ကုန်တစ်ခု" အနေဖြင့် တိုက်ရိုက်ဈေးကွက်ဖော်ဆောင်ပေးရန်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ထုပ်ပိုးအဆင့်မြှင့်တင်၍ ဆောင်ရွက်သွားရန်၊ ရက်ကန်းလုပ်ငန်းသည် မိသားစုအလိုက် ဝင်ငွေရသည့် လုပ်ငန်းတစ်ခုဖြစ်၍ အစုအဖွဲ့စနစ်ဖြင့် အသင်းအဖွဲ့များဖွဲ့စည်း၍ ချေးငွေရရှိရေးနှင့် နည်းပညာတိုးတက်မြင့်မားရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ဒေသထွက် ပုဆိုး၊ လုံချည် ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပြည်မြို့ "ရွှေဝါထွန်း" လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေး အလုပ်ရုံသို့ သွားရောက်၍ မြေကွက်ကျယ်ခြံကွက်များ အချိန်တိုအတွင်း ရှင်းလင်းနိုင်ရေး မြက်ရှင်းစက်ထုတ်လုပ်နေမှုနှင့် စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်ဧကစိုက်ပျိုးစရိတ်သက်သာစေရေး မျိုးစေ့ချကိရိယာများ ထုတ်လုပ်တပ်ဆင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပင်လုံမြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ပင်လုံ ဩဂုတ် ၁၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ ကြီးမှူးဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ လွိုင်လင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ခရိုင်ဦးစီးမှူး ဦးရာဇာက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဝင့်ဝင့်ဆွေက စက်ချုပ်သင်တန်း အထောက်အကူပြုပစ္စည်းများကို သင်တန်းသူများအား ပေးအပ်သည်။

အဆိုပါ စက်ချုပ်သင်တန်းသို့ ပင်လုံမြို့ပေါ်မှ သင်တန်းသူ ၁၆ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **လွိုင်လင်မိုး**



မိတ္ထီလာမြို့ စက်မှုဇုန်ရှိ ရွှေငါးဟင်းခတ်မှုန့်လုပ်ငန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မိတ္ထီလာခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူများက စက်ရုံမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းနှင့် အလုပ်ရုံရှိဝန်ထမ်းများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)

## မြဝတီမြို့၌ ကတ်ဖြင့်(မှန်ဇာ)အိတ်ထိုးနည်း၊ ဘိုးကလစ်ထိုးနည်း၊ သွားကြားထိုးတံဘူး/အိတ်ထိုးနည်းသင်တန်းများ ဖွင့်လှစ်

မြဝတီ ဩဂုတ် ၁၈

ကရင်ပြည်နယ် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီတွင် ကတ်ဖြင့် (မှန်ဇာ)အိတ်ထိုးနည်း၊ ဘိုးကလစ်ထိုးနည်း၊ သွားကြားထိုးတံဘူး/အိတ်ထိုးနည်းသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မော်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းဦးက သင်တန်းများဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်း စည်းမျဉ်း၊ စည်းကမ်းများကို ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၂)ဦးအောင်မျိုးထွန်းက အိမ်တွင်းမှုသင်တန်းများ ကုန်ကျစရိတ် ငွေကျပ် ၁၀၁၉၀၀၀ ကို ပေးအပ်ခဲ့သည်။

အဆိုပါ အိမ်တွင်းမှုသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့ပေါ်ရှိ ရပ်ကွက် ငါးခုမှ သင်တန်းသူ ၂၃ ဦး တက်ရောက်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက သင်တန်းသားများအား လိုက်လံနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်သည့် ကတ်ဖြင့်(မှန်ဇာ) အိတ်ထိုးနည်း သင်တန်း၊ ဘိုးကလစ်ထိုးနည်း သင်တန်းနှင့် သွားကြားထိုးတံဘူး/အိတ်ထိုးနည်း သင်တန်းများကို ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ ပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှု ဆောင်ရွက်

ရမည်းသင်း ဩဂုတ် ၁၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး လှုပ်ရှားမှုအစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရမည်းသင်းမြို့နယ် မြို့မဈေးကြီးအတွင်း၌ ဆောင်ရွက်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သန့်ရှင်းသာယာလှပသော တိုင်းဒေသကြီးတစ်ခုဖြစ်စေရေး တနင်္လာနေ့တိုင်း ပလတ်စတစ်ကြွပ်ကြွပ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ကာ သက်ဆိုင်ရာဌာနများ၊ ကျောင်းသား လူငယ်များ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုအားလုံးပူးပေါင်း၍ ပလတ်စတစ်အစားထိုးအိတ်များနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ပြည်သူလူထုအား အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ဘားအံမြို့နယ် ရွှေဘုန်းကံ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းသားများနှင့် တွေ့ဆုံ

ဘားအံ ဩဂုတ် ၁၈

ကရင်ပြည်နယ် ဘားအံမြို့နယ် မုက္ကဒိကျေးရွာရှိ ရွှေဘုန်းကံ စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်းသို့ ပြည်နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် အသင်းသား တောင်သူများနှင့် တွေ့ဆုံ၍ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။



အဆိုပါ ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က အသင်းသားများ လိုအပ်သည့် စိုက်ပျိုးရေး နည်းပညာဆိုင်ရာ ကိစ္စရပ်များအတွက် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်၍ ပညာပေးဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ နိုင်ငံတော်ဘတ်ဂျက်မှ ၅၀ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် ဒေဒေါင်းလယ်ယာသုံး စက်ကိရိယာများကို အသင်းသားများ၏ လယ်ယာများတွင် သက်သာသောနှုန်းထားများဖြင့် ထွန်ယက်ရယူဆောင်ရွက်ပေးမှု၊ လုပ်ငန်းစတင်လည်ပတ်သည့် အချိန်မှ စတင်၍ ယခုလက်ရှိအချိန်အထိရရှိသည့် ထွန်ယက်ခများကို အသင်းပိုင်အနေဖြင့် ရန်ပုံငွေထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြီး အသင်းသားများက သိရှိလိုသည့် အချက်များကို မေးမြန်းရာ ညွှန်ကြားရေးမှူးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အခြေခံပညာကျောင်းခုနစ်ကျောင်းကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့၍ စုစုပေါင်း ၇၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသား ကျောင်းသူ ၅၇၈ ဦး



ထပ်မံ၍ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၈၉၇၃ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၂ ဦးတို့အား ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန်လိုအပ်သည့် လူနာကိုးဦးတို့အား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၅၆ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခဲ့ကြောင်းနှင့် အတွင်းလူနာအဖြစ် ဒေသခံပြည်သူ ၃၀ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များကလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ပေါင်မြို့နယ်၌ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

ပေါင် ဩဂုတ် ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဥပဒေအသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက(မုတ္တမ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ သိမှတ်ဖွယ်ရာဥပဒေရေးရာအဖြာဖြာ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ (၂၀၁၀ ခုနှစ်)၊ လောင်းကစားဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေတို့ကို ဟောပြောခဲ့သည်။

ဆက်လက်၍ ကျေးရွာနေပြည်သူများက သိလိုသည်များကို မေးမြန်းခဲ့ရာ သထုံခရိုင်ဥပဒေအရာရှိ ဦးသန့်ဇင်အေးက ပြန်လည်ဖြေကြားပေးခဲ့သည်။ ထို့နောက် မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က (အထက)မုတ္တမစာကြည့်တိုက်အတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ကြေညာချက်များ ၄၃၇ မျိုးကို အထက(မုတ္တမ) ဆရာမ ဒေါ်ခင်လှဦးထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ဥတ္တရသီရိမြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဗိုလ်ရွေးအခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ကျောင်းကျန်းမာရေးသီတင်းပတ်ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးလက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို ရှင်းလင်းခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်း၊ ကျောင်းသား ကျောင်းသူများအားလုံး တစ်ဦးချင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)





## ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ မြန်မာ့သိုင်းအခြေခံသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲနှင့် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကင်း ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မြန်မာ့သိုင်းဆပ်ကော်မတီနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့သိုင်းအခြေခံသင်တန်း၊ မိုးရာသီအခြေခံတိုက်ကွမ်ဒိုသင်တန်းဆင်းပွဲနှင့် ကျောင်းတွင်းအားကစားပြိုင်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ်ရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာငြိမ်းသီအောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့သိုင်းအဖွဲ့၊ Fitness Dance အဖွဲ့နှင့် တိုက်ကွမ်ဒိုအဖွဲ့တို့က သရုပ်ပြဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ သင်တန်းနည်းပြများနှင့် အလှူရှင်များအား ရန်ကင်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။ ထို့နောက် သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပေးအပ်ခဲ့ပြီး သရုပ်ပြဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေကျပ် ၃၀၀၀၀၀ ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၈

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ကော့သောင်းမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ ကျင်းပ

ကော့သောင်း ဩဂုတ် ၁၈

ပြည်ထဲရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ကော့သောင်းခရိုင် မီးသတ်ဦးစီးမှူးရုံးကကြီးမှူးဖွင့်လှစ်သော ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က ကော့သောင်းမြို့ ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ကျင်းပခဲ့ရာ ခရိုင်မီးသတ်ဦးစီးမှူးနှင့် ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးများနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊



ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသားများနှင့် အသင်းအဖွဲ့များသို့ သင်တန်းဆင်းအမှတ်တရအကျီများ ပေးအပ်ခဲ့သည်။ အဆိုပါ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းတွင် သင်တန်းနည်းပြများက သန္နေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၅၀ အား ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား တက်ရောက်



မော်လမြိုင် ဩဂုတ် ၁၈

၂၀၂၅ ခုနှစ် မွန်ပြည်နယ် ၁၀ မြို့နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမဦးကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာယဗလ (အမျိုးသား) ကီလိုတန်းအလိုက်ယှဉ်ပြိုင်မှု၊ Men Physique ပြိုင်ပွဲယှဉ်ပြိုင်မှုနှင့် Model Physique ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင်ဆုရရှိသော အားကစားသမားများအား ငွေသားဆုနှင့် ဆုကလပ်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်၍ အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

စည်သူ(ပြန်/ဆက်)

# နိုင်ငံ့အကျိုးစီးပွားတိုးပွားစေသည့် သုတေသနအခြေပြုတက္ကသိုလ်ဖြစ်စေရေး မှာကြား



နေပြည်တော် ဩဂုတ် ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) ပင်မစာသင်ဆောင်၌ ခင်းကျင်းပြသထားသည့် မဟာဌာန ကျောင်းသား ကျောင်းသူများ၏ သုတေသနပရောဂျက်ပြပွဲတွင် ဆိုလာနည်းပညာ၊ စက်ရုပ်နည်းပညာ၊ စွန့်ပစ်ပစ္စည်းမှထုတ်ကုန်များပြန်လည်ထုတ်ယူသည့်နည်းပညာ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် AI သုံး ကျန်းမာရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနပရောဂျက်များမှရလဒ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ Smart City၊ Eco-Tourism နှင့် ဒေသတွင်းရှိ စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြုကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊ သုတေသနရလဒ်များကို ပြည်သူတို့ရရှိခံစားနိုင်ရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးပွားစေသည့် သုတေသနအခြေပြုတက္ကသိုလ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် သုတေသနထူးချွန်ဂုဏ်ပြုဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သုတ၊ ရသ စာအုပ်များပေးအပ်၍ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသားအဆောင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်)ရှိ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အရည်အသွေးပြည့်ဝရေး၊ ကျင့်ဝတ်စည်းကမ်းလေးစားလိုက်နာကာ ဗလငါးတန်နှင့်ပြည့်စုံစေရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး စာကြည့်တိုက်တွင် စာပေဖတ်ရှုလေ့လာလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားကာ သုတ၊ ရသ စာအုပ်များကိုပေးအပ်၍ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်



# မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်း ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

မုဒုံ ဩဂုတ် ၁၈

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်အသင်းသားများ၏ သား သမီးများအား ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးမင်းသောင်းဟန်က အဖွင့်အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူးက ပညာသင်ထောက်ပံ့ကြေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ငါးဘာသာသနစ်ဦး၊ လေးဘာသာတစ်ဦး၊ နှစ်ဘာသာနှစ်ဦး၊ ရိုးရိုးအောင်မြင်သူ ၁၄ ဦးတို့အား မုဒုံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၅၀၅ | ၃၂၆၅ | ၂၉၈၅ | ၂၉၉၀ | ၃၀၆၀ | ၃၀၂၅ | ၃၀၄၅ | ၃၃၀၀ |
| 95 Ron | ၂၉၅၅ | ၃၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၀၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၂၀ | ၃၀၄၅ | ၃၀၄၅ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၈၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | ၄၈၃၀ | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | - | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၃၂ | ၂၈၂၀ |
| 95 Ron | ၂၇၈၉ | ၂၈၇၉ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၆၀ | ၃၁၅၀ |
| HSD (10 ppm) | ၃၀၆၀ | ၃၁၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

